နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နေ့စဉ်ညတိုင်း **အောင်သိဒ္ဓိဘဂဝါစေတီတော်** နှင့်စပ်လျဉ်း၍

ပြု့ခဲ့သမျှ ကုသိုလ်တွေကို အသစ်တဖန် ထပ်မံ အောင်းမေ့ပွားများ

အာရုံဝင်စားကြရန်အတွက်

ဒဂုံပ ဆရာတင်၏ တပည့် ပုညခင် စီစဉ်ရေးသားသော

# အောင်သိဒ္ဓိဘဂဝါ ဘုရားရှိခိုး

(မော်ကွန်းတော်ကြီး)

(သာသနာသက္ကရာဇ် ၂၄၉၃ ခုနှစ် တပေါင်းလပြည့်)

********************

အစိန္တေယျ၊ အစိန္တေယျ ၊ နှိုင်းဆတုမသိ ၊ ကျေးဇူးရှိသည့်၊ မုနိသကျ ၊ ဂေါတမဟု မြတ်စွရှင်ထီး ပြည်ကြီးနိဗ္ဗာန် ၊ စံသည့်နှစ်မှ ၊ ကာလမြင့်ခေါင် ၊ထွက်ကြုံးဆောင်သော် ၊ နှစ်ထောင်ကျော်သာ၊ လေးရာကုန်ဆုံး ၊ ကိုးဆယ့်သုံးတွင် မြို့ကြီးကုန်းမြောက် ၊ မို့မောက်ကုန်းတန်း ၊ ပင်ထန်းဝိုင်းရုက် ၊ ရှေးဆက်မြင့်ရှည် ၊ မင်းဖျားတည်သည့် ၊ စေတီတော်မှာ ဘုန်းတော်ကံညီး ၊ ချုံမိုးပျက်ပြို ၊ ငုံးငုံးတို၍ ၊ နှုတ်ဆိုခိဋ္ဌာန် ၊ ပြင်ရန်ဆုမှီး ၊ ပုတီးလက်ထား ၊ ကိုးပါးသီလ ၊စောင့်ကြလှူဒါန်း ၊ ရေ ပန်းဆီမီး၊ သစ်သီးဆွမ်းတော် ၊ ပူဇော်ထိုထို ၊ သစ္စာဆိုလျှက် ၊ ရွာလုံးထွက်၍ ၊ တောင်းရွက်ပိုးသယ် ၊ ခဲဖယ်မြေညို ၊ စိတ်ရှိလက်ပါ ၊ ရှင်းလင်းရာဝယ် ၊ *မြတ်စွာခေါ်ရှစ် ၊ ကြုပ်ဖြင့်ဆန်းစွာ ၊ ရဟန္တာခေါ်* ၊ ရေမှတ်တွက်ကြ ၊ နှစ်ရာ့ကိုးဆယ် ၊ တသွယ်ငါးဆူး ၊ အတူဖူးမျှော် ၊ သတင်းကျော်၍ ၊ ဝေးသော်ရပ်နီး ၊ မြေးနှင့်ဘိုးဘွား ၊ သားနှင့်မိဘ ၊ နမနှင့်မောင် ညီနောင်မကြွင်း ၊ ဖူးခြင်းရက်ဆက် ၊ တိုးတက်လှူဒါန်း ၊ ရောင်ချီသန်းကြောင့် ၊မုန်းသည်ထက်ကြော် ၊ ဉာဏ်တော်တိုးမြင့် တန်ခိုးပွင့်၍ ၊ ဆင့်ဆင့်မံစီ ၊ တည်ဖြစ်အောင်ဖန် ၊ ကြံစီတိုင်းရ ၊ ထူးလှတေဇော် ၊ စေတီတော်ဝယ် ၊ဓါတ်တော်စုံကို ၊ သင်းထုံသိုက်မြိုက် ၊ ရွှေကြာတိုက်၌ ၊ ပျော်ပိုက်စေပြီး ၊ အောင်ကြီးအောင်မှု ၊အောင်ဆုရည်လောင်း ၊အောင်ဆုတောင်း၍ ၊အောင်ကြောင်းအရှည် ၊အောင်စေတီကို ၊ မှည့်မည်ထွင့်ထိပ် *အောင်သိဒ္ဓိဘဂဝါ* ဘွဲ့သညာဖြင့် ၊နောင်လာနောက်သား ၊ ထင်းရှားဖူးစေ ၊တည်ခဲ့ပေ၏ ၊ကြက်သရေထင်း ၊ဘုန်းရောင်လင်းသား ၊အောင်ခြင်းထပ်ဆင့် ၊အောင်လံလွှင့်၍ ၊တင့်တင့်ဖွယ်ဖွယ် ၊ကြီးငယ်မကျန် ၊ဝိုင်းရံထပ်ထပ် ၊လှည့်ပတ်ပူဇော် ၊ရည်ရော်စိတ်ရွှင် ၊အောင်သဘင်ကို ၊ဆင်ယင်ကျင်းပ ၊ ထက်စွသဒ္ဒါ ၊ ပြည်ရွာအေးစေ ၊မေတ္တာရေလောင်း ၊ဆုမွန်တောင်း၍ တပေါင်းလပြည့် ၊ထိန်ပေ့ရောင်ချီ ၊နေ့လည်ကိုးချက် ၊ နေအတက်တွင် ၊ တွဲဘက်ပြုပြင် ၊*ပုညခင်* က ၊ထီးတင်လှူသော် ၊တင်ပူဇော်ခဲ့ ၊ဓါတ်တော်ကိန်းဝပ် ၊အထွင့်ခေါင်ဖြား ၊မြတ်ဘုရားကို ၊တည်ထားခုလို ၊ပြုကုသိုလ်ကြောင့်၊ထိုထိုသိဒ္ဓိ ၊ရှိရှိသမျှ ၊ပြည့်ဝစုံစေ ၊ပြည်ရွှေနိဗ္ဗာန် ၊အမှန်ဒေါက်လျှောက်၊ကေန်ရောက်ရပါစေသော်။ သဗ္ဗညုမြတ်ရှင်စော ၊ဩကာသ –သကာသ။

ကျက်မှတ်ပြီးသည့်နောက် မုန်ဘောင်သွင်း၍သော်ငင်း ၊
စက္ကူကပ်ပြားထူထူတွင် ကပ်၍သော်ငင်း ၊ချိပ်ဆွဲထားကြပါ။

**အောင်သိဒ္ဓိဘဂဝါစေတီတော်။**
ဗုဒ္ဓအကျိုးဆောင်အဖွဲ့

ရေးသူ–ပုညခင်
အောင်သိဒ္ဓိဘဂဝါထီးဒါယကာ

ဦးလှသော် ၊ဒေါ်သန်းရင် မိသားစုမှ “ဓမ္မဒါန” ပြုပါသည်။

၁၃၆၀ ခုနှစ် ၊တပိုတွဲလ

JANUARY 2000